# ဝင်ငွေခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

## ဝင်ငွေခွန်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ

## (၂၀၁၁ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၄။)

## ၁၃၇၃ခုနှစ်၊သီတင်းကျွတ်လဆန်း၂ရက်

## (၂၀၁၁ခုနှစ်၊စက်တင်ဘာလ၂၉ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်အတွက်မှစ၍ အကျိုးသက်ရောက်စေရမည်။

၃။ ဝင်ငွေခွန်ဥပဒေတွင်ပါရှိသော -

(က) "စည်းကြပ်မှုအဖွဲ့"ဆိုသည့်စကားရပ်ကို "မြို့နယ်အခွန်ဦးစီးဌာနမှူး" ဆိုသည့်စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

(ခ) "ပထမအယူခံအဖွဲ့"ဆိုသည့်စကားရပ်ကို "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာအခွန်ရုံးဌာနမှူး" ဆိုသည့်စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

(ဂ) "ဒုတိယအယူခံအဖွဲ့" ဆိုသည့်စကားရပ်ကို "အခွန်အယူခံခုံအဖွဲ့" ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုး ရမည်။

၄။ ဝင်ငွေခွန်ဥပဒေပုဒ်မ၃၊ပုဒ်မခွဲ(ည)ကိုအောက်ပါအတိုင်းအစားထိုးရမည် -

"(ည) ပုဂ္ဂိုလ်စု ဆိုသည်တွင်အစုစပ်လုပ်ငန်း၊ ဖက်စပ်လုပ်ကိုင်သည့်လုပ်ငန်း၊ ကုမ္ပဏီ၊ တစ်ဦးချင်း ပုဂ္ဂိုလ် တို့စုပေါင်းထားသည့်အဖွဲ့အစည်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မှတ်ပုံတင်၍ ဖွဲ့စည်းထားသည့်အဖွဲ့အစည်း သို့မဟုတ်အသင်းအဖွဲ့၊ သမဝါယမအသင်းနှင့် နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းများ ပါဝင်သည်။"

၅။ ဝင်ငွေခွန် ဥပဒေပုဒ်မ၃၊ ပုဒ်မခွဲ(ဒ)၏နောက်တွင်ပုဒ်မခွဲ(ဓ)၊ပုဒ်မခွဲ(န)တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဓ) မြို့နယ်အခွန်ဦးစီးဌာနမှူးဆိုသည်မှာ ဤဥပဒေအရ အခွန်ထမ်းကပေးဆောင်ရမည့် အခွန်ကို စည်းကြပ်ကောက်ခံရန် တာဝန်ပေးထားသည့် သက်ဆိုင်ရာမြို့နယ်အခွန်

ဦးစီးဌာနမှူးရုံး၏ တာဝန်ခံ အရာရှိကိုဆိုသည်။ ယင်းစကားရပ်တွင် ကုမ္ပဏီများဆိုင်ရာအခွန်ရုံး၌ အခွန်စည်းကြပ်ကောက်ခံရန် တာဝန်ပေးအပ်ထားသော ဦးစီးအရာရှိများလည်းပါဝင်သည်။

(န) ပျက်ကွက်သူဆိုသည်မှာအောက်ပါတို့ကိုဆိုသည် -

(၁) ဤဥပဒေအရတောင်းခံထားသည့် အခွန်အားလုံးကိုဖြစ်စေ၊ တချို့တစ်ဝက်ကိုဖြစ်စေ သတ်မှတ်ထားသည့် သို့မဟုတ် တိုးမြှင့် သတ်မှတ်ပေးထားသည့် အချိန်ကာလအတွင်းပေးဆောင်ရန် ပျက်ကွက်သူ၊

(၂) ဤဥပဒေအရသတ်မှတ်ထားသည့်အတိုင်းအခွန်ကိုပင်ရင်းမှနုတ်ယူပေးသွင်းရန်ပျက်ကွက်သူ။"

၆။ ဝင်ငွေခွန်ဥပဒေပုဒ်မ၆၊ပုဒ်ခွဲ (ဂ)၊ပုဒ်မခွဲငယ် (၂) (ဂဂ)တွင်ပါရှိသော "အခွန်ထမ်း သို့မဟုတ် အိမ်ထောင်ဖက်၏ အသက်အာမခံ"ဆိုသည့်စကားရပ်အစား" အခွန်ထမ်းနှင့်အိမ်ထောင်ဖက်၏အသက်အာမခံ" ဆိုသည့်စကားရပ်ဖြင့် အစား ထိုးရမည်။

၇။ ဝင်ငွေခွန်ဥပဒေပုဒ်မ၇တွင်ပါရှိသော "ပြည်ထောင်စုအစိုးရသည်" ဆိုသည့်စကားရပ်ကို "ပြည်ထောင်စုအစိုးရအဖွဲ့ ၏သဘောတူညီချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည်" ဆိုသည့်စကားရပ်ဖြင့် အစားထိုး ရမည်။

၈။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၁ ပါရှင်းလင်းချက်ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"ရှင်းလင်းချက်။ ။ စီးပွားရေးလုပ်ငန်းဆိုသည်တွင် ငွေချေးသက်သေခံလက်မှတ်များ၊ ငွေချေးစာချုပ်များ၊ ဒီဘင်ချာလက်မှတ်များအပါအဝင် အတိုးငွေရရန်အတွက် ငွေမြှုပ်နှံခြင်းတို့လည်း ပါဝင်သည်။"

၉။ ဝင်ငွေခွန်ဥပဒေပုဒ်မ၁၂၊ပုဒ်မခွဲ(က)၏နောက်တွင်ရှင်းလင်းချက်ကိုအောက်ပါအတိုင်းဖြည့်စွက်ရမည်-

"ရှင်းလင်းချက်။ ။ မြေ သို့မဟုတ် မြေနှင့်အဆောက်အအုံငှားရမ်းခြင်း ဆိုရာတွင် ကိုယ်ပိုင်မဟုတ်သည့်မြေ သို့မဟုတ်မြေနှင့်အဆောက်အအုံအား ထပ်ဆင့်ငှားရမ်းခြင်းလည်းပါဝင်သည်။"

၁၀။ ဝင်ငွေခွန်ဥပဒေပုဒ်မ၁၃တွင်ပါရှိသော "ရောင်းချခြင်း၊ လဲလှယ်ခြင်းသို့မဟုတ်လွှဲပြောင်းခြင်း" ဆိုသည့်စကားရပ်အစား "ရောင်းချခြင်း၊ လဲလှယ်ခြင်းသို့မဟုတ် အခြားတစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်း" ဆိုသည့်စကားရပ်ဖြင့် အစားထိုး ရမည်။

၁၁။ ဝင်ငွေခွန်ဥပဒေပုဒ်မ၁၅ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"၁၅။ (က) မည်သူမဆို နှစ်တစ်နှစ်အတွင်း အခွန်စည်းကြပ်ထိုက်သော စုစုပေါင်းဝင်ငွေသို့မဟုတ် အခြေ ပစ္စည်းမှမြတ်စွန်းငွေရှိလျှင်ထိုသို့ဝင်ငွေရရှိချိန်၌ဝင်ငွေခွန်ပေးဆောင်ရန် တာဝန် ရှိစေရမည်။

(ခ) မည်သူ့အားမဆို နှစ်တစ်နှစ်အတွင်း အခွန်စည်းကြပ်ထိုက်သော စုစုပေါင်းဝင်ငွေ သို့မဟုတ် အခြေ ပစ္စည်းမှ မြတ်စွန်းငွေရှိသည်ဟုယူဆလျှင် မြို့နယ်အခွန်ဦးစီး ဌာနမှူးသည် ရရှိထားသည့် သတင်းအချက်အလက်များပေါ် အခြေပြုလျက် ဝင်ငွေခွန် ပေးဆောင်ရန် တောင်းခံနိုင်သည်။"

၁၂။ ဝင်ငွေခွန်ဥပဒေပုဒ်မ၁၆တွင်-

(က) ပုဒ်မခွဲ(က)၌ "သို့ရာတွင် အခြေပစ္စည်းမှ မြတ်စွန်းငွေဖြစ်ပါက အခြေပစ္စည်းကိုရောင်းချခြင်း၊ လဲလှယ် ခြင်း၊ သို့မဟုတ် အခြားတစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းပြုသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အခွန် ပေးဆောင်ရမည်။"ဆိုသည့်စကားရပ်ကိုဖြည့်စွက်ရမည်။

(ခ) ပုဒ်မခွဲ(င)၌ ပါရှိသော "ပြည်ထောင်စုအစိုးရက အမိန့်ကြော်ငြာစာထုတ်ပြန်၍" ဆိုသည့် စကားရပ်ကို "ပြည်ထောင်စု အစိုးရအဖွဲ့၏ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည် ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မခွဲ (ဆ)၌ "ယင်းသို့ ပျက်ကွက်သည့်အတွက် ပေးဆောင်ရမည့်ဒဏ်ငွေကို ပြည်ထောင်စု အစိုးရအဖွဲ့၏ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ် နိုင်သည်။" ဆိုသည့် စကားရပ်ကိုဖြည့်စွက်ရမည်။

(ဃ) ပုဒ်မခွဲ(ဇ)၌ ပါရှိသော "တစ်ဆယ်ရာခိုင်နှုန်းထက် မပိုသောငွေကို ဒဏ်ငွေအဖြစ် ပေးဆောင် စေနိုင်သည်" ဆိုသည့်စကားရပ်ကို "တစ်ဆယ်ရာခိုင်နှုန်းနှင့် ညီမျှသောငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်စေရမည်။" ဆိုသည့်စကားရပ်ဖြင့်အစားထိုးရမည်။

၁၃။ ဝင်ငွေခွန်ဥပဒေပုဒ်မ၁၉နှင့်ပုဒ်မ၃၂တို့တွင်ပါရှိသောရှင်းလင်းချက်များကိုပယ်ဖျက်ရမည်။

၁၄။ ဝင်ငွေခွန်ဥပဒေတွင်ပုဒ်မ၂၁၊ ပုဒ်မခွဲ(က)၊ ပုဒ်မ၃၃၏ ရှင်းလင်းချက်၊ ပုဒ်မ၃၅၏ ရှင်းလင်းချက်၊ ပုဒ်မ ၃၈၊ ပုဒ်မခွဲ(က)၊ ပုဒ်မ၄၇၊ ပုဒ်မခွဲ(ဂ) နှင့်ပုဒ်မ၅၀တို့တွင်ပါရှိသော "ပြည်ထောင်စုအစိုးရ" ဆိုသည့်စကားရပ်ကို "ပြည်ထောင်စု အစိုးရအဖွဲ့၏ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန"ဆိုသည့် စကားရပ် ဖြင့်အသီးသီးအစားထိုးရမည်။

၁၅။ ဝင်ငွေခွန်ဥပဒေပုဒ်မ၂၂၊ ပုဒ်မခွဲ(က)တွင် ပါရှိသော "မြန်မာနိုင်ငံ အမြတ်ခွန်အက်ဥပဒေအရဖြစ်စေ၊ ဤဥပဒေအရ ဖြစ်စေ၊" ဆိုသည့်စကားရပ်ကို "ဤဥပဒေအရ"ဆိုသည့်စကားရပ်ဖြင့်အစားထိုးရမည်။

၁၆။ ဝင်ငွေခွန်ဥပဒေပုဒ်မ၃၁ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"၃၁။ ပြည်ထောင်စုအစိုးရသည်-

(က) အခြားနိုင်ငံတစ်ခုခု သို့မဟုတ် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတစ်ခုခုနှင့် ဝင်ငွေခွန်ကိစ္စ ပါဝင်သောသဘောတူ စာချုပ်တစ်ရပ်ချုပ်ဆိုပါက ဤဥပဒေပါ အခြားပြဋ္ဌာန်းချက်များတွင် မည်သို့ပင် ပါရှိစေကာမူ ယင်းစာချုပ်ပါ သဘောတူညီချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ခ) အဆိုပါစာချုပ်ကိုနိုင်ငံတော်ပြန်တမ်းတွင်ထုတ်ပြန်ကြေညာနိုင်သည်။"

၁၇။ ဝင်ငွေခွန်ဥပဒေပုဒ်မ၃၂၊ ပုဒ်မခွဲ(ခ)နှင့်(ဃ)တို့တွင် ပါရှိသော "အယူခံအဖွဲ့"ဆိုသည့် စကားရပ်ကို "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူးသို့မဟုတ် ကုမ္ပဏီများဆိုင်ရာအခွန်ရုံးဌာနမှူး" ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၁၈။ ဝင်ငွေခွန်ဥပဒေတွင်-

(က) ပုဒ်မ၃၃၊ပုဒ်မခွဲ(ဂ)တွင်ပါရှိသော "ငွေကျပ်တစ်ရာ"ဆိုသည့်စကားရပ်ကို "ငွေကျပ်တစ်ထောင်" ဆိုသည့် စကားရပ်ဖြင့်အစားထိုးရမည်။

(ခ) ပုဒ်မ၃၃-ကတွင်ပါရှိသော "ကျပ် ၅၀၀အထိဖြစ်လျှင်" ဆိုသည့်စကားရပ်ကို "ကျပ်သုံးသောင်းထက်မပိုလျှင်" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "ကျပ် ၁၀၀၀၀အထိ ဖြစ်လျှင်" ဆိုသည့်စကားရပ်ကို "ကျပ်တစ်သိန်းထက်မပိုလျှင် "ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း အသီးသီး အစားထိုးရမည်။

(ဂ) ပုဒ်မ၃၈၊ပုဒ်မခွဲ(ခ)တွင်ပါရှိသော"ကျပ်တစ်သောင်းအထိ" ဆိုသည့်စကားရပ်ကို "ကျပ်တစ်သိန်းထက် မပိုသော" ဆိုသည့်စကားရပ်ဖြင့်အစားထိုးရမည်။

၁၉။ ဝင်ငွေခွန်ဥပဒေပုဒ်မ၄၂နှင့်ပုဒ်မ၄၄တို့တွင်ပါရှိသော "ပြည်ထောင်စုအစိုးရက တာဝန်လွှဲအပ်သော အဖွဲ့များသည်" ဆိုသည့်စကားရပ်ကို "မြို့နယ်အခွန်ဦးစီးဌာနမှူး၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးဌာနမှူးတို့သည်လည်းကောင်း၊ ပုဒ်မ၇အရ ဖွဲ့စည်းသော အဖွဲ့နှင့်လွှဲအပ်တာဝန် ပေးအပ်ခြင်းခံရသော ပုဂ္ဂိုလ်နှင့်အဖွဲ့များသည်လည်းကောင်း" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၂၀။ ဝင်ငွေခွန်ဥပဒေပုဒ်မ၄၃ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"၄၃။ မြို့နယ်အခွန်ဦးစီးဌာနမှူး၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူးနှင့် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးဌာနမှူးတို့သည်လည်းကောင်း၊ ပုဒ်မ၇အရ ဖွဲ့စည်းသောအဖွဲ့နှင့် လွှဲအပ်တာဝန် ပေးခြင်းခံရသော ပုဂ္ဂိုလ်နှင့်အဖွဲ့များသည်လည်းကောင်း ဤဥပဒေပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံး ဆောင်ရွက်ရာတွင် တရားမကျင့်ထုံးဥပဒေအရတရားရုံးသို့ အပ်နှင်းထားသော

လုပ်ပိုင်ခွင့်များကို ရရှိစေရမည်။ ထို့ပြင် ယင်းပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့များအား လုပ်ငန်းဆိုင်ရာ တရားရုံးဖြစ်သည်ဟု မှတ်ယူရမည်။"

၂၁။ ဝင်ငွေခွန်ဥပဒေပုဒ်မ၄၅တွင် -

(က) စာကိုယ်၌ပါရှိသော "ယင်းအဖွဲ့" ဆိုသည့်စကားရပ်ကို "ယင်းပုဂ္ဂိုလ်" ဆိုသည့်စကားရပ်ဖြင့် အစားထိုး ရမည်။

(ခ) ပုဒ်မခွဲ(ခ)၏နောက်တွင်ပုဒ်ခွဲ(ဂ)နှင့်(ဃ)တို့ကိုအောက်ပါအတိုင်းဖြည့်စွက်ရမည်-

"(ဂ) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)တို့ပါ ကိစ္စရပ်များကို ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးဌာနမှူးထံ ကြိုတင်တင်ပြ၍ ခွင့်ပြုချက် ရယူပြီးမှ ဆောင်ရွက်ရမည်။ အရေးတကြီးဆောင်ရွက်ရန်ကိစ္စ ပေါ်ပေါက်ပါက သက်ဆိုင်ရာ မြို့နယ်တရားသူကြီးထံမှ ရှာဖွေဝရမ်း တောင်းခံ၍ ဆောင်ရွက်နိုင်သည်။ ယင်းသို့ ဆောင်ရွက်ရာတွင် တွေ့ရှိချက်များကို မြို့နယ်တရားသူကြီးနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးဌာနမှူးတို့ထံအမြန်ဆုံးအစီရင်ခံတင်ပြရမည်။

(ဃ) ပုဒ်မခွဲ (က) နှင့် (ခ)တို့ပါကိစ္စ တစ်ရပ်ရပ်ကို ဆောင်ရွက်လျှင် သက်ဆိုင်သော အခွန်ထမ်း သို့မဟုတ်၎င်း၏ကိုယ်စားလှယ်နှင့် သက်သေနှစ်ဦးတို့၏ ရှေ့မှောက်တွင် ဖြစ်စေရမည်။"

၂၂။ ဝင်ငွေခွန်ဥပဒေတွင်-

(က) ပုဒ်မ၄၆၊ ပုဒ်မခွဲ(က)၌ပါရှိသော "သို့မဟုတ်အယူခံအဖွဲ့သည်" ဆိုသည့်စကားရပ်နှင့်ပုဒ်မ၄၇၊ ပုဒ်မခွဲ (က)၌ ပါရှိသော "သို့မဟုတ်အယူခံအဖွဲ့က" ဆိုသည့်စကားရပ်တို့ကိုပယ်ဖျက်ရမည်၊

(ခ) ပုဒ်မ၄၆၊ပုဒ်မခွဲ(ခ)၊ပုဒ်မခွဲငယ်(၁)တွင်ပါရှိသော "ပုဒ်မ၇အရဖွဲ့စည်းထားသောအဖွဲ့" ဆိုသည့် စကားရပ်နှင့်ဝင်ငွေခွန် ဥပဒေပုဒ်မ၄၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၂) တွင်ပါရှိသော "အဖွဲ့" ဆိုသည့် စကားရပ်တို့ကို "မြို့နယ်အခွန်ဦးစီးဌာနမှူးသည်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၂၃။ ဝင်ငွေခွန်ဥပဒေပုဒ်မ၅၁ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"၅၁။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရ အဖွဲ့ ၏ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည်-

(က) လိုအပ်သောနည်းဥပဒေများနှင့်စည်းမျဉ်းများ၊ စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်ထုတ်ပြန်နိုင်သည်၊

(ခ) လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန် နိုင်သည်။"

၂၄။ ဝင်ငွေခွန်ဥပဒေပုဒ်မ၅၂၊ပုဒ်မခွဲ (ခ)ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"(ခ) ပြည်ထောင်စု အစိုးရအဖွဲ့၏ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဌာနသည် ဝင်ငွေအမျိုးအစားတစ်ရပ်ရပ်အတွက် ဖြစ်စေ၊ အခွန်ထမ်းအမျိုးအစား တစ်ခုခုအတွက်ဖြစ်စေ မည်သည့်အချက်အလက်များ ပါဝင်သည့်စာရင်း ပုံစံများထားရှိရမည်ကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်နိုင်သည်။"

၂၅။ ဝင်ငွေခွန်ဥပဒေတွင်ပါရှိသော "အခန်း(၁၈)၊ မြန်မာနိုင်ငံအမြတ်ခွန်အက်ဥပဒေ အကျိုးသက်ရောက်သည့် စည်းကြပ်နှစ်များ" ဆိုသည့်စကားရပ်ကိုပယ်ဖျက်ပြီးပုဒ်မ ၅၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅၉။ မြို့နယ်အလိုက်ပုဂ္ဂိုလ်တစ်ဦးချင်းထံမှ ကောက်ခံရရှိသည့် အခွန်အနက် ကျပ်ငွေဖြင့် ကောက်ခံရငွေကို ပြည်ထောင်စုအစိုးရအဖွဲ့က မြို့နယ်အလိုက်သတ်မှတ်သော ရာခိုင်နှုန်း အချိုးအတိုင်း သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေသို့ လွှဲပြောင်း ပေးသွင်းနိုင်သည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**

**နိုင်ငံတော်သမ္မတ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**